## ဓမ္မခန္ဓာ (၄၈) ထွက်ရပ်လမ်း (အာလ် ဖတ်ဟ်)

ဥဘဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၁၁)၊ သုတ်ဒေသနာ (၂၉)ပါး၊–

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **إِنَّا فَتَحْنَا لَكَ فَتْحًا مُّبِينًا۞**<br>သင့်အား ရှင်းလင်းထင်ရှားသော ထွက်ရပ်လမ်းအား ထွက်ရပ်ပေါက်စေခြင်းမှာ– |
| ၂။ | **لِيَغْفِرَ لَكَ اللَّهُ مَا تَقَدَّمَ مِن ذَنبِكَ وَمَا تَأَخَّرَ وَيُتِمَّ نِعْمَتَهُ عَلَيْكَ وَيَهْدِيَكَ صِرَاطًا مُّسْتَقِيمًا۞**<br>ပရမတ်ဘုရားရှင်သည် သင်၏ စုံရပ်ခံခဲ့မှုနှင့် အနာဂါတ် ဖြစ်မှုများကို လွတ်ငြိမ်းစေရန်၊ သင့်အပေါ်၌ ဂုဏ်ပေးမှုကို ပြည့်စုံစေရန်၊ သင့်အား မြဲမြံတည်တံ့သော လမ်းစဉ်သို့ ညွှန်တော်မူရန် ဖြစ်၏။ |
| ၃။ | **وَيَنصُرَكَ اللَّهُ نَصْرًا عَزِيزًا۞**<br>ပရမတ်ဘုရားရှင်သည် သင့်အား ဘုန်ကံတက်ရန် ကူညီမှုဖြင့် ကူညီတော်မူလတ္တံ့။ |
| ၄။ | **هُوَ الَّذِي أَنزَلَ السَّكِينَةَ فِي قُلُوبِ الْمُؤْمِنِينَ لِيَزْدَادُوا إِيمَانًا مَّعَ إِيمَانِهِمْ وَلِلَّهِ جُنُودُ السَّمَاوَاتِ وَالْأَرْضِ وَكَانَ اللَّهُ عَلِيمًا حَكِيمًا۞**<br>ထို အရှင်သည် ယုံကြည်သူတို့၏ နှလုံးသား၌ ယုံကြည်ချက်ကို ထပ်လောင်း ယုံကြည်ချက် တိုးပွားစေရန် စိတ်တည်ငြိမ်ခြင်းကို ချမှတ်ပေးတော်မူ၏။ မိုးများနှင့် မြေကမ္ဘာရှိ စစ်သည်အပေါင်းသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ ပရမတ်ဘုရားရှင်သည် သိနေသောအရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |
| ၅။ | **لِيُدْخِلَ الْمُؤْمِنِينَ وَالْمُؤْمِنَاتِ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا وَيُكَفِّرَ عَنْهُمْ سَيِّئَاتِهِمْ وَكَانَ ذَٰلِكَ عِندَ اللَّهِ فَوْزًا عَظِيمًا۞**<br>ယုံကြည်သူ၊ ယုံကြည်သူမတို့အား အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသော ဥယျာဉ်များသို့ ဝင်စေ၍ ထို၌ ကာလမဲ့ စံစားစေမည်ပင်၊ သူတို့၏ အကုသိုလ်များကို ဖုံးကွယ်ပေးမည်ပင်၊ ယင်းသည် ပရမတ်ဘုရားရှင်၏ ထံတော်မှ မဟာ အောင်ပွဲပင် ဖြစ်၏။ |
| ၆။<br>၃း၁၆၇<br>☆၁း၇<br>★၂း၁၅၉ | **وَيُعَذِّبَ الْمُنَافِقِينَ وَالْمُنَافِقَاتِ وَالْمُشْرِكِينَ وَالْمُشْرِكَاتِ الظَّانِّينَ بِاللَّهِ ظَنَّ السَّوْءِ عَلَيْهِمْ دَائِرَةُ السَّوْءِ وَغَضِبَ اللَّهُ عَلَيْهِمْ وَلَعَنَهُمْ وَأَعَدَّ لَهُمْ جَهَنَّمَ وَسَاءَتْ مَصِيرًا۞**<br>**သီလကြောင်များ၊ သီလကြောင်မများ၊** ရောပြွန်းကိုးကွယ်သူများ၊ ရောပြွန်းကိုးကွယ်သူမများအား ဝဋ်ကြွေးသင့်နိုင်ရာ၏၊ သူတို့သည် ပရမတ်ဘုရားရှင်အပေါ်၌ အကုသိုလ် စဉ်းစားချက်ဖြင့် စဉ်းစားသူများဖြစ်၏။ သူတို့အား ရုံးတင်ခံရခြင်း အကုသိုလ်သင့်စေပြီ။ ပရမတ်ဘုရားရှင်ထံမှ ကံကြီးသင့်စေပြီ၊☆ သူတို့အပေါ်သို့ မေတ္တာဝေးစေပြီ၊★ သူတို့အတွက် ငရဲဘုံနှင့် အကုသိုလ် ပန်းတိုင်ကို တွက်ချက်ပြင်ဆင်ထားပြီ။ |
| ၇။ | **وَلِلَّهِ جُنُودُ السَّمَاوَاتِ وَالْأَرْضِ وَكَانَ اللَّهُ عَزِيزًا حَكِيمًا۞** |

| | |
|---|---|
| | မိုးများနှင့် မြေကမ္ဘာရှိ စစ်သည်အပေါင်းသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ ပရမတ်ဘုရားရှင်သည် ဘုန်းတော်အရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |
| ၈။ | إِنَّا أَرْسَلْنَاكَ شَاهِدًا وَمُبَشِّرًا وَنَذِيرًا۝<br>ကေန်ပင် ငါသည် သင့်အား သက်သေတော်၊ သတင်းကောင်းပါးသူ သတိပေးသူ အဖြစ် စေစားခြင်းမှာ– |
| ၉။ | لِتُؤْمِنُوا بِاللَّهِ وَرَسُولِهِ وَتُعَزِّرُوهُ وَتُوَقِّرُوهُ وَتُسَبِّحُوهُ بُكْرَةً وَأَصِيلًا۝<br>ပရမတ်ဘုရားရှင်နှင့် အရှင့်ဥဒဏ်စဉ်ဆောင်အား ယုံကြည်စေရန်၊ သူ့အား လေးစားဂုဏ်ပေးရန်၊ အလေးအနက်ထားစေရန် ဖြစ်၏။ နံနက်နှင့် နေကျချိန်၌ အရှင့်အား ဦးထိပ်ထားကြလေ့။ |
| ၁၀။ | إِنَّ الَّذِينَ يُبَايِعُونَكَ إِنَّمَا يُبَايِعُونَ اللَّهَ يَدُ اللَّهِ فَوْقَ أَيْدِيهِمْ فَمَن نَّكَثَ فَإِنَّمَا يَنكُثُ عَلَى نَفْسِهِ وَمَنْ أَوْفَى بِمَا عَاهَدَ عَلَيْهُ اللَّهَ فَسَيُؤْتِيهِ أَجْرًا عَظِيمًا۝<br>သင့်ထံ၌ ကတိသစ္စာပြုသော သူများသည် ပရမတ်ဘုရားရှင်၏ ထံ၌ ကတိသစ္စာပြုသူ မည်၏။ ပရမတ်ဘုရားရှင်၏ လုပ်ပိုင်ခွင့်တော်အား သူတို့၏ လက်များ အပေါ်၌ ပေးအပ်သည် မည်၏။ သစ္စာဖေါက်ဖျက် သူသည် သူ့ ဥဉ်စရိုက်အတွက် ဖေါက်ဖျက်ခြင်းသာ ဖြစ်၏။ ပရမတ်ဘုရားရှင်နှင့်အတူ ပဋိညာဉ်အား ပြီးပြည့်စေသူ၊ သူ့အား အရှင်က မဟာဆုလဒ်ကြီးကို ပေးတော်မူလတ္တံ့။ |
| ၁၁။ | سَيَقُولُ لَكَ الْمُخَلَّفُونَ مِنَ الْأَعْرَابِ شَغَلَتْنَا أَمْوَالُنَا وَأَهْلُونَا فَاسْتَغْفِرْ لَنَا يَقُولُونَ بِأَلْسِنَتِهِم مَّا لَيْسَ فِي قُلُوبِهِمْ قُلْ فَمَن يَمْلِكُ لَكُم مِّنَ اللَّهِ شَيْئًا إِنْ أَرَادَ بِكُمْ ضَرًّا أَوْ أَرَادَ بِكُمْ نَفْعًا بَلْ كَانَ اللَّهُ بِمَا تَعْمَلُونَ خَبِيرًا۝<br>သင့်နောက်တွင် ချန်နေခဲ့သော ကန္တာရတိုင်းရင်းသားတို့က သင့်အား ပြောကြမည်မှာ “ကျွန်ုပ်တို့၏ ဥစ္စာပစ္စည်းများ၊ ဝိုင်းသားများဖြင့် ကျွန်ုပ်တို့ အလုပ်ရှုပ်နေ၏၊ သို့ဖြစ်၍ ကျွန်ုပ်တို့အတွက် လွှတ်ငြိမ်းခွင့်ပန်ပေးပါ”ဟု ဖြစ်၏။ သူတို့သည် နှလုံးသား၌ မရှိသည်ကို လျှာဖျားမှ ပြောဆိုကြ၏။ ဟောလေ့ “အကယ်၍ ပရမတ်ဘုရားရှင်သည် သင်တို့အား တစ်စုံတစ်ရာ အဆိုးဖြစ်စေလိုသော်၊ သို့မဟုတ် အကျိုးဖြစ်စေလိုသော် မည်သူက စိုးမိုးချုပ်ကိုင်ထားနိုင်သနည်း၊ အမှန်မှာ ပရမတ်ဘုရားရှင်သည် သင်တို့ ကျင့်ကြံသမျှကို သတင်းသိနေတော်မူ၏။– |
| ၁၂။ | بَلْ ظَنَنتُمْ أَن لَّن يَنقَلِبَ الرَّسُولُ وَالْمُؤْمِنُونَ إِلَى أَهْلِيهِمْ أَبَدًا وَزُيِّنَ ذَلِكَ فِي قُلُوبِكُمْ وَظَنَنتُمْ ظَنَّ السَّوْءِ وَكُنتُمْ قَوْمًا بُورًا۝<br>အမှန်မှာ ဥဒဏ်စဉ်တော်ဆောင်နှင့် ယုံကြည်သူတို့သည် သူတို့၏ ဝိုင်းသားများထံသို့ မည်သည့်အခါမျှ ဦးလှည့်လာတော့မည် မဟုတ်ဟု စဉ်းစားနေကြ၍– ယင်းသည် သင်တို့၏ နှလုံးသားများကို ဖမ်းစားစေကြ၏။ သင်တို့သည် အကုသိုလ် စဉ်းစားချက်ကိုသာ စဉ်းစားနေကြ၏၊ သင်တို့သည် ပျက်စီးကြေမွရမည့် လူမျိုးသာ ဖြစ်၏။” |
| ၁၃။ | وَمَن لَّمْ يُؤْمِن بِاللَّهِ وَرَسُولِهِ فَإِنَّا أَعْتَدْنَا لِلْكَافِرِينَ سَعِيرًا۝<br>ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥဒဏ်စဉ်တော်ဆောင်အား မယုံကြည်သောသူ၊ ထိုဖုံးကွယ်မှောင်ချသူတို့ အတွက် ငါအရှင်သည် မီးလောင်စာကို ပြင်ဆင်ထား၏။ |
| ၁၄။ | وَلِلَّهِ مُلْكُ السَّمَاوَاتِ وَالْأَرْضِ يَغْفِرُ لِمَن يَشَاءُ وَيُعَذِّبُ مَن يَشَاءُ وَكَانَ اللَّهُ غَفُورًا رَّحِيمًا۝<br>မိုးများနှင့် မြေကမ္ဘာအား အစိုးရခြင်းသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရှင်သည် စံချိန်ပြည့်မှီသူအလျောက် လွှတ်ငြိမ်းစေ၍၊ စံချိန်ပြည့်မှီသူအလျောက် သူ့အား ဝင့်ကြွေးသင့်စေ၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် လွှတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |

| | |
|---|---|
| ၁၅။ | **سَيَقُولُ الْمُخَلَّفُونَ إِذَا انطَلَقْتُمْ إِلَى مَغَانِمَ لِتَأْخُذُوهَا ذَرُونَا نَتَّبِعْكُمْ يُرِيدُونَ أَن يُبَدِّلُوا كَلَامَ اللَّهِ قُل لَّن تَتَّبِعُونَا كَذَٰلِكُمْ قَالَ اللَّهُ مِن قَبْلُ فَسَيَقُولُونَ بَلْ تَحْسُدُونَنَا بَلْ كَانُوا لَا يَفْقَهُونَ إِلَّا قَلِيلًا** ۞<br>သင်သည် စစ်လျှော်ကြေး သိမ်းဆည်းနိုင်ရာသို့ ထွက်ခွာသော် သင့်နောက်တွင် ချန်နေခဲ့သော သူတို့က “ကျွန်ုပ်တို့သည် သင်တို့နှင့် လိုက်ပါရစေ၊”ဟု ပြောကြ၏။ သူတို့သည် ပရမတ်ဘုရားရှင်၏ ဓမ္မတော်အား လွှဲပြောင်းလိုကြ၏။ ဟောလော့ “ကျွန်ုပ်တို့နောက်သို့ မလိုက်ကြနှင့်၊ ဤသည် ပရမတ်ဘုရားရှင်၏ ရှေ့ပြေး စကားတော် ဖြစ်၏။” သို့သော် သူတို့က “အမှန်မှာ၊ သင်သည် ကျွန်ုပ်အား မနာလိုဖြစ်နေခြင်းပင်၊”ဟု ပြောကြလတ္တံ့။ အမှန်မှာ သူတို့သည် အနည်းမျှပင် နားလည်မှု မရှိကြချေ။ |
| ၁၆။ | **قُل لِّلْمُخَلَّفِينَ مِنَ الْأَعْرَابِ سَتُدْعَوْنَ إِلَىٰ قَوْمٍ أُولِي بَأْسٍ شَدِيدٍ تُقَاتِلُونَهُمْ أَوْ يُسْلِمُونَ فَإِن تُطِيعُوا يُؤْتِكُمُ اللَّهُ أَجْرًا حَسَنًا وَإِن تَتَوَلَّوْا كَمَا تَوَلَّيْتُم مِّن قَبْلُ يُعَذِّبْكُمْ عَذَابًا أَلِيمًا** ۞<br>သင့်နောက်တွင် ချန်နေခဲ့သော ကန္တာရတိုင်းရင်းသားတို့အား ဟောလော့ “ပြင်းထန်စွာ တိုက်ခိုက်နိုင်စွမ်း ရှိသော လူမျိုးအား ခုခံတော်လှန်ရန် သို့မဟုတ် သင်တို့အား ဖိတ်ခေါ်ရန် ရှိ၏။ သင်တို့အား ကမ်းလှမ်းခြင်းကို သင်တို့ နာခံကြလျှင် ပရမတ်ဘုရားရှင်က သင်တို့အား တင့်တယ်သော ဆုလဒ်ကို ချီးမြှင့်တော်မူလိမ့်မည်။ သို့သော် သင်တို့သည် ရှေ့အလျှင်က လှည့်သွား သကဲ့သို့ လှည့်သွားခဲ့လျှင် သင်တို့အပေါ်၌ စူးနစ်နာကျင်သော ဝဋ်ကြွေးဖြင့် ဝဋ်ကြွေးသင့်လတ္တံ့။ |
| ၁၇။ | **لَيْسَ عَلَى الْأَعْمَىٰ حَرَجٌ وَلَا عَلَى الْأَعْرَجِ حَرَجٌ وَلَا عَلَى الْمَرِيضِ حَرَجٌ وَمَن يُطِعِ اللَّهَ وَرَسُولَهُ يُدْخِلْهُ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ وَمَن يَتَوَلَّ يُعَذِّبْهُ عَذَابًا أَلِيمًا** ۞<br>မျက်မြင်များကို ခက်ခဲမှု မရှိစေသင့်၊ တက်ရောက်သူများကို မခက်ခဲစေသင့်၊ ဖျားနာနေသူများကို မခက်ခဲစေသင့် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်တော်ဆောင်အား နာခံသူအား အောက်ခင်း၌ စမ်းချောင်းရေသွင် စီးဆင်းနေသည့် ဥယျာဉ်ဘုံများသို့ ဝင်ရစေမည်ပင်၊ ဘက်လှည့် သူသည်သာ စူးနစ်နာကျင်သော ဝဋ်ကြွေးဖြင့် ဝဋ်ကြွေးသင့်ခံရလတ္တံ့။ |
| ၁၈။<br><br>ဗောဓိ<br>၄၇း၂ | **لَقَدْ رَضِيَ اللَّهُ عَنِ الْمُؤْمِنِينَ إِذْ يُبَايِعُونَكَ تَحْتَ الشَّجَرَةِ فَعَلِمَ مَا فِي قُلُوبِهِمْ فَأَنزَلَ السَّكِينَةَ عَلَيْهِمْ وَأَثَابَهُمْ فَتْحًا قَرِيبًا** ۞<br>ယုံကြည်သူတို့သည် သင့်အား **သစ်ပင်**အောက်၌ ကတိသစ္စာပြုသော အခါ၊ ပရမတ်ဘုရားရှင်သည် သူတို့အား ကျေနပ်တော်မူ၏။ အရှင်သည် သူတို့၏ စိတ်နှလုံးကို သိနေတော်မူ၍၊ တည်ငြိမ်အေးချမ်းခြင်းကို ချမှတ်ပေးတော်မူ၏။ သူတို့အပေါ်၌ ကုသိုလ်ဆက်ရှိ၍ ထွက်ရပ်ပေါက်ခြင်း နီးကပ်လာနေ၏။ |
| ၁၉။ | **وَمَغَانِمَ كَثِيرَةً يَأْخُذُونَهَا وَكَانَ اللَّهُ عَزِيزًا حَكِيمًا** ۞<br>သူတို့သည် စစ်လျှော်ကြေး များစွာ သိမ်းဆည်းရလတ္တံ့၊ ပရမတ်ဘုရားရှင်သည်ကား ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |
| ၂၀။<br><br>လုပ်ပိုင်<br>ခွင့် | **وَعَدَكُمُ اللَّهُ مَغَانِمَ كَثِيرَةً تَأْخُذُونَهَا فَعَجَّلَ لَكُمْ هَٰذِهِ وَكَفَّ أَيْدِيَ النَّاسِ عَنكُمْ وَلِتَكُونَ آيَةً لِّلْمُؤْمِنِينَ وَيَهْدِيَكُمْ صِرَاطًا مُّسْتَقِيمًا** ۞<br>သင်တို့သည် စစ်လျှော်ကြေး များစွာ သိမ်းဆည်းရလတ္တံ့ဟု ပရမတ်ဘုရားရှင်က ကတိထားတော်မူ၏။ လူသားတို့၏ **လက်**များကို သင်တို့က အလျှင်အမြန် ချုပ်ကိုင်နိုင်စေ၍၊ ယုံကြည်သူတို့အတွက် သက်သေနိမိတ် ဖြစ်စေ၏။ သင်တို့အား မြဲမြံတည်တံ့သော လမ်းစဉ်သို့ ညွှန်တော်မူ၏။ |

| | |
|---|---|
| ၂၁။ | **وَأُخْرَى لَمْ تَقْدِرُوا عَلَيْهَا قَدْ أَحَاطَ اللَّهُ بِهَا وَكَانَ اللَّهُ عَلَى كُلِّ شَيْءٍ قَدِيرًا۞**<br>သင်တို့ စည်းမကြပ်နိုင်သော အခြားသူတို့အား၊ မုချပင် ပရမတ်ဘုရားရှင်သည် သူတို့အား ဝန်းရံထားတော်မူ၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။ |
| ၂၂။<br><br>ရန်သူ<br>၈း၇ | **وَلَوْ قَاتَلَكُمُ الَّذِينَ كَفَرُوا لَوَلَّوُا الْأَدْبَارَ ثُمَّ لَا يَجِدُونَ وَلِيًّا وَلَا نَصِيرًا۞**<br>**ဖုံးကွယ်သော သူတို့**သည် သင်တို့အား တိုက်ခိုက်ခဲ့လျှင်လည်း သူတို့သည် နောက်လှည့်ပြေးကြမည်သာတည်း၊ သူတို့အတွက် ကူညီမည့်သူ မဟာမိတ်ဟု တွေ့ရမည် မဟုတ်ချေ။ |
| ၂၃။ | **سُنَّةَ اللَّهِ الَّتِي قَدْ خَلَتْ مِن قَبْلُ وَلَن تَجِدَ لِسُنَّةِ اللَّهِ تَبْدِيلًا۞**<br>ရှေ့အလျှင် အတိတ်ကပင် ရှိနေသော ပရမတ်ဘုရားရှင်၏ နိယာမ၊ ပရမတ်ဘုရားရှင်၏ နိယာမသည် အလွှဲအပြောင်းဟူ၍ တွေ့ရမည် မဟုတ်ချေ။[၉၈၀] |
| ၂၄။<br><br>ဝမ်းတွင်း | **وَهُوَ الَّذِي كَفَّ أَيْدِيَهُمْ عَنكُمْ وَأَيْدِيَكُمْ عَنْهُم بِبَطْنِ مَكَّةَ مِن بَعْدِ أَنْ أَظْفَرَكُمْ عَلَيْهِمْ وَكَانَ اللَّهُ بِمَا تَعْمَلُونَ بَصِيرًا۞**<br>အရှင်သည် သင့်တို့အား မက္ကာဟ် **တောင်ကြားချိုင့်ဝှမ်း**ပိုင်းကို ခြေကုပ်ယူစေပြီးနောက် သင်တို့အပေါ် သူတို့၏ လက်များကို ဟန့်တားထား၍၊ သင်တို့၏ လက်များကိုလည်း သူတို့အား ဆန့်ကျင်၍ နောက်ပြန်ဆွဲထားစေသော အရှင် ဖြစ်၏၊ ပရမတ်ဘုရားရှင်သည်ကား ကျင့်ကြံသမျှကို မြင်နေသော အရှင်ဖြစ်၏။ |
| ၂၅။<br><br>ပို့နိုင် | **هُمُ الَّذِينَ كَفَرُوا وَصَدُّوكُمْ عَنِ الْمَسْجِدِ الْحَرَامِ وَالْهَدْيَ مَعْكُوفًا أَن يَبْلُغَ مَحِلَّهُ وَلَوْلَا رِجَالٌ مُّؤْمِنُونَ وَنِسَاء مُّؤْمِنَاتٌ لَّمْ تَعْلَمُوهُمْ أَن تَطَؤُوهُمْ فَتُصِيبَكُم مِّنْهُم مَّعَرَّةٌ بِغَيْرِ عِلْمٍ لِيُدْخِلَ اللَّهُ فِي رَحْمَتِهِ مَن يَشَاء لَوْ تَزَيَّلُوا لَعَذَّبْنَا الَّذِينَ كَفَرُوا مِنْهُمْ عَذَابًا أَلِيمًا۞**<br>ဖုံးကွယ်သော သူတို့သည် သင်တို့အား ဘေးမဲ့ ဝတ်ကျောင်းတော်မှ ဖယ်ခိုင်းကြ၏၊ အလှူဝတ္ထုများ ဘောင်ဝင်ရာသို့ **ဆိုက်ရောက်ရမည်**ကို ဝဇီပိတ်နေ၏။ ထို၌ အသိမခံသော ယုံကြည်သူ အမျိုးသား ယုံကြည်သူ အမျိုးသမီးတို့သည် ရှိနေလေပြီ၊ သင်တို့ ခွဲခြားမသိသောကြောင့် သူတို့အား နင်းချေမိနိုင်၏။ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်မှီ သူအား |

---

(၉၈၀) ပရမတ်ဘုရားရှင် ပြဋ္ဌာန်းထားသော လောကနိယာမသည် မည်သည့် ပညတ်ဘုရားဖြစ်သည့် လူသား ဉာဏ်စဉ်တော်ဆောင်များ မပွင့်ပေါ်မီကပင် ရှိနေပြီးဖြစ်၍– ထိုနိယာမမှာ ပြောင်းလဲသွားမည် မဟုတ်ချေ။ လူသားတို့၏ သဘာဝ ဖြစ်စေသော အာဏာလိုချင်မှု ဝါဒပြိုင်ဆိုင်မှု၊ ဂုဏ်သတင်းကျော်ဇောလိုမှုများမှာ လောကဓမ္မတာများ ဖြစ်၍ မည်သည့် ပညတ်ဘုရားများ ပွင့်ပေါ် တရားချစေကာမူ ပပျောက်သွားမည် မဟုတ်၊ ရှိနေမည်သာ ဖြစ်ပေသည်၊ ထို ဂုဏ်သတ္တိများကို တရားမျှတစွာ အသုံးချနည်း အသုံးပြုနည်းများကိုသာ သွန်သင်ပေးရန် ပညတ်ပေးရန် ကိုယ်တိုင် စံပြကျင့်ဆောင်ပြရန်သာ လိုပေသည်။ ဖျောက်ဖျက်၍မရသော လူသားတို့၏ ပင်ကိုယ် ဂုဏ်သတ္တိများကို ဖျောက်ဖျက်ပယ်သတ်ရန် ကြိုးပမ်းနေခြင်းသည် အချည်းနှီးသာ ဖြစ်ကြောင်း ထို ပင်ကိုယ် ဂုဏ်သတ္တိများအား စနစ်တကျ တရားသော နည်းဖြင့် အသုံးပြုတတ်ရန်သာ အရေးကြီးကြောင်း နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင် ကိုယ်တော်မုဟမ္မဒ်သည် (အရိမေတ္တေယျ)က သွန်သင် စံပြရန် ပွင့်ပေါ်လာခြင်း ဖြစ်ပေသည်။ လူသား အချင်းချင်း စစ်ဖြစ်မှု အာဏာလုမှုများသည် လူ့သမိုင်း စတင်ကတည်းက ရှိခဲ့၍ လူ့သမိုင်း နိဂုံးချုပ်သွားသည့် အချိန်ထိ ရှိနေမည်ပင်၊ လူလူချင်း ခိုက်ရန်ဒေါသ ဖြစ်ခြင်းသည် မကောင်းဟု မည်မျှပင် သွန်သင်စေကာမူ ဥပဒေ မရှိဘဲ တရားချခြင်းသည် မည်သည့်အခါတွင်မှ အောင်မြင်မည် မဟုတ် ဆိုသည်ကို မှန်ကန်သော အမြင်ဖြင့် မြင်သင့်ပေသည်။ မေတ္တာတရားသည် အရေးကြီးသည်ဟု ဟောကြားသွန်သင်နေသော ဘာသာရေးလောကတွင်ပင် ဂိုဏ်းကွဲ၍ ရန်ဖြစ်ရမှုများ– ရဟန်းသံဃာ ဗလီဆရာများ အချင်းချင်း ကျောင်းကန်များ လုနေမှုများမှာ ထုနှင့်ဒေးနှင့် ရှိနေပေရာ လူ သာမန်လောကဆိုလျှင် ပြော၍ပင် မကုန်နိုင်တော့ပြီ။ ထိုခိုက်ရန်ဖြစ်တတ်ခြင်း– ဩဇာအာဏာ တည်ဆောက်တတ်ခြင်းဟူသည့် လူ့လောက၏ အမှန်တရားကို ပစ်ပယ်ထားခြင်းထက်– ထိုသို့ဖြစ်တတ်သော သဘာဝတွင် မည်သို့ ကိုင်တွယ် ဖြေရှင်းမည်နည်းဟူသည့် ဥပဒေကို ချမှတ်ရန် လူ့လောကအတွက် အရာရာကို ပြည့်စုံသော ပင်မကျောရိုး သီအိုရီများကို ပေးရန် နောက်ဆုံးပွင့် ပွင့်ပေါ်ခဲ့သော အရိမေတ္တေယျမှာ ကိုယ်တော် မုဟမ္မဒ်သာ ဖြစ်တော့သည်။

အရှင်၏ ကရုဏာတွင်းသို့ ဝင်ရောက်စေလို၏။ သူတို့သည် သပ်သပ်စီ ရှိနေခဲ့မူ၊ ငါအရှင်သည် ဖုံးကွယ်သော သူတို့အား စူးနစ်နာကျင်သော ဝဋ်ကြွေးဖြင့် ဝဋ်ကြွေးသင့်စေခဲ့မည်သာ။[၉၈၁]

၂၆။ **إِذْ جَعَلَ الَّذِينَ كَفَرُوا فِي قُلُوبِهِمُ الْحَمِيَّةَ حَمِيَّةَ الْجَاهِلِيَّةِ فَأَنزَلَ اللَّهُ سَكِينَتَهُ عَلَى رَسُولِهِ وَعَلَى الْمُؤْمِنِينَ وَأَلْزَمَهُمْ كَلِمَةَ التَّقْوَى وَكَانُوا أَحَقَّ بِهَا وَأَهْلَهَا وَكَانَ اللَّهُ بِكُلِّ شَيْءٍ عَلِيمًا ۞**

ဖုံးကွယ်သော သူတို့၏ နှလုံးသားတွင်း၌ ပညာမဲ့ခေတ်မှ အပူများဖြင့် ပူလောင်ရန် စီစဥ်ထားစဥ်၊ ပရမတ်ဘုရားရှင်သည် အရှင်၏ ဥာဏ်စဉ်တော်ဆောင်နှင့် ယုံကြည်သူတို့၏ အပေါ်သို့ တည်ငြိမ်အေးချမ်းခြင်းကို ချမှတ်ပေးတော်မူ၏။ သူတို့အား စည်းစောင့်ခြင်း တရားတော်ဖြင့် တွန်းအားဖြစ်စေခဲ့၏၊ သူတို့သည် ၎င်း၌ သစ္စာသော ဝိုင်းတော်သားများ ဖြစ်ကြ၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံ သိနေသော အရှင် ဖြစ်၏၊

၂၇။ **لَقَدْ صَدَقَ اللَّهُ رَسُولَهُ الرُّؤْيَا بِالْحَقِّ لَتَدْخُلُنَّ الْمَسْجِدَ الْحَرَامَ إِن شَاءَ اللَّهُ آمِنِينَ مُحَلِّقِينَ رُؤُوسَكُمْ وَمُقَصِّرِينَ لَا تَخَافُونَ فَعَلِمَ مَا لَمْ تَعْلَمُوا فَجَعَلَ مِن دُونِ ذَلِكَ فَتْحًا قَرِيبًا ۞**

မုချပင် ပရမတ်ဘုရားရှင်သည် ဥာဏ်စဉ်တော်ဆောင်၏ အမြင်ရမှုကို သစ္စာဖြင့် ဖြောင့်မှန်စေခဲ့၏။ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်မှီချက်အရ သင်တို့သည် ဦးခေါင်းများကို ရိတ်လျှက်၊ သို့မဟုတ် တိလျှက် ယုံကြည်စိတ်ချရစွာဖြင့် ဘေးမဲ့ ဝတ်ကျောင်းတော်သို့ ဝင်ရလတ္တံ့။ ကြောင့်ကြရခြင်း လုံးဝ မရှိချေ။ အရှင်သည် သင်တို့ မသိသော အရာကို သိနေတော်မူ၏။ ဤ မှလွဲ၍– အခြား နီးကပ်လာနေသည့် ထွက်ရပ်ပေါက်ခြင်းကို အရှင် စီစဉ်ပေးလတ္တံ့။

၂၈။ **هُوَ الَّذِي أَرْسَلَ رَسُولَهُ بِالْهُدَى وَدِينِ الْحَقِّ لِيُظْهِرَهُ عَلَى الدِّينِ كُلِّهِ وَكَفَى بِاللَّهِ شَهِيدًا ۞**

အရှင်သည် ဥာဏ်စဉ်ဆောင်အား လမ်းညွှန်တော်၊ ပရမတ္ထသစ္စာ သာသနာအားဖြင့် သာသနာ အားလုံး၏ ဖူးခြာ ဖြစ်စေရန် စေစားတော်မူသော အရှင် ဖြစ်၏။ ပရမတ်ဘုရားရှင်သည် သက်သေအဖြစ် လုံလောက်တော်မူ၏။[၉၈၂]

၂၉။ **مُّحَمَّدٌ رَّسُولُ اللَّهِ وَالَّذِينَ مَعَهُ أَشِدَّاء عَلَى الْكُفَّارِ رُحَمَاء بَيْنَهُمْ تَرَاهُمْ رُكَّعًا سُجَّدًا يَبْتَغُونَ فَضْلًا مِّنَ اللَّهِ وَرِضْوَانًا سِيمَاهُمْ فِي وُجُوهِهِم مِّنْ أَثَرِ السُّجُودِ ذَلِكَ مَثَلُهُمْ فِي التَّوْرَاةِ وَمَثَلُهُمْ فِي الْإِنجِيلِ كَزَرْعٍ أَخْرَجَ شَطْأَهُ فَآزَرَهُ فَاسْتَغْلَظَ فَاسْتَوَى عَلَى سُوقِهِ يُعْجِبُ الزُّرَّاعَ لِيَغِيظَ بِهِمُ الْكُفَّارَ وَعَدَ اللَّهُ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ مِنْهُم مَّغْفِرَةً وَأَجْرًا عَظِيمًا ۞**

☆၄၇း၂ မေတ္တောယျသည်☆ ပရမတ်ဘုရားရှင်၏ ဥာဏ်စဉ်တော်ဆောင် ဖြစ်၏။ သူနှင့်အတူရှိသော သူတို့သည် ဖုံးကွယ်သူတို့

---

(၉၈၁) ကိုယ်တော်မုဟမ္မဒ်သည် လူသားအပေါင်း မျှော်လင့်စောင့်စားနေသော မေတ္တာရှင် အစစ် ဖြစ်လေသည်၊ ကိုယ်တော်သည် လူသားထု ငြိမ်းချမ်းရေးအတွက် မသူတော်များကို တော်လှန်သည့်၊ အာဏာရှင်များကို နိဂ္ဂိုတံစေသည့် စစ်ဥပဒေများကို ချမှတ်ဖေါ်ဆောင်ပေးသော်လည်း စစ်တိုက်သည် ဆိုခြင်းမှာ အနိုင်ကျင့်ရန် မဟုတ်– သူတစ်ပါးအား စော်ကားရန်မဟုတ်၊ လူထုကို ဖိနှိပ်နေသည့် လူရမ်းကားများအား ဆုံးမရန်သာ ဖြစ်စေရမည်ဟု နိုင်နင်းစွာ ပညတ်နိုင်ခဲ့သည်၊ ထိုအကြောင်းကို သုတ်တော် ၂၄–၂၅ တွင် အတိအကျ သိနိုင်ပေသည်။ သုတ်တော် ၂၄ တွင် ငြိမ်းချမ်းရေးဆောင် မွတ်ဆလင်တပ်သည် မက္ကာဟ်တောင်ကြားဒေသကို လွှမ်းမိုးအောင်နိုင်ပြီး ဖြစ်သည်၊ သို့သော် သူတို့၏ လက်များကို ရန်သူများထံ သို့ ဆက်လက် တိုက်ခိုက်ရန်မှ ထိမ်းချုပ်နိုင်ခဲ့သည်။ ထိုအကြောင်းမှာ– ရန်သူများ၏ အုပ်ချုပ်မှုအောက်၌ ဖြစ်စေ၊ ရန်သူဟု သတ်မှတ်ထားသော လူသားများအတွင်း၌ ဖြစ်စေ– ငြိမ်းချမ်းရေးကို ရင်ထဲမှ မြတ်နိုးလျှက် အသိမခံဘဲ လျှို့ဝှက်နေရသူများ ရှိနိုင်သည်။ ထို့ကြောင့် ရန်သူများ၏ ဘက်မှ မည်မျှပင် ရန်ရှာစော်ကားစေကာမူ မတရား တောင်းဆိုစေကာမူ ထိုလျှို့ဝှက်၍ ငြိမ်းချမ်းရေးကို မြတ်နိုးနေသူများ မထိခိုက် မနစ်နာစေရေးကို ရှေးရှုကာ စစ်ကို အတတ်နိုင်ဆုံး ရှောင်ရမည် ဖြစ်ကြောင်း သုတ်တော် ၂၅ က ဆက်လက် သွန်သင်ပေသည်။ စစ်ဆိုသည်မှာ အနိုင်ရတိုင်း တိုက်ရခြင်း မဟုတ် ငြိမ်းချမ်းရေးကို ဦးတည်၍သာ တိုက်ရခြင်း ဖြစ်ကြောင်း အာဏာသည် အဓိကမဟုတ်– အင်ပါယာ ချဲ့ထွင်ခြင်းသည် အဓိကမဟုတ်၊ ငြိမ်းချမ်းရေး သာလျှင် အဓိက ဖြစ်သည်ဟု ကိုယ်တော်မုဟမ္မဒ်က စနစ်တကျ သွန်သင်ခဲ့ပေသည်။ ဤဥပဒေများကို ပုတ်ခတ်ဆန့်ကျင်နေသော သူများက အာဏာအတွက်၊ အင်ပါယာအတွက် စစ်တိုက်နေသည်ခြင်းကို ဂုဏ်ယူနေသည်မှာ အံ့ဩဘွယ်ကောင်းပေတော့သည်။

(၉၈၂) ကိုယ်တော်မုဟမ္မဒ်ဆောင်လာသည့် ငြိမ်းချမ်းရေးလမ်းစဉ် အစ္စလာမ်သာသနာသည် ဘာသာတရားအားလုံး၏ အထွဋ်အထိပ် နောက်ဆုံးဖူးခြာ ဖြစ်ကြောင်း ဤသုတ်တော်မှ တရားဝင်ကြေငြာထားပေသည်။

| | |
|---|---|
| | အပေါ်၌ တိကျပြတ်သားကြ၍၊ သူတို့ချင်းကြား ကရုဏာပွားကြ၏။ သူတို့သည် ပရမတ်ဘုရားရှင်၏ထံမှ သိက္ခာပေးမှု၊ နှစ်မြို့မှုကို ရှာဖွေရန် ဦးညွှတ် ဦးချလျှက် ရှိသည်ကို သင်မြင်ရလိမ့်မည်။ သူတို့၏ သူတို့၏ မျက်နှာများပေါ်၌ ဦးချသည့် အမှတ်သညာ စွဲကပ်နေ၏။ ဤသည်မှာ တိုရာဟ်ကျမ်းမှ ဥပမာပုံကဲ့သို့ ဖြစ်၏။ သူတို့အတွက် သမ္မာကျမ်းမှ ဥပမာ မှာ အားကောင်းမောင်းသန် အတက်များ ပုံစံကျသည့် ပျိုးစေ့ ဖြစ်၍–သန်မာဖွံ့ထွားသော အကိုင်းပေါက်ခြင်းကြောင့် စိုက်ပျိုးသူတို့ အံ့သြစေလောက်၏။ အရှင်သည် သူတို့ကြောင့် ဖုံးကွယ်သူတို့ကို ဒေါသဖြစ်စေ၏၊ ပရမတ်ဘုရားရှင်သည် ယုံကြည်လျှက် ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသောသူများအား လွှတ်ငြိမ်းခွင့် မဟာဆုလဒ်ကြီးကို ကတိထားတော်မူ၏။ |